# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄-၆-၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ အတွင်းရှိ မောရဝတီရေတပ်စခန်းအဖြစ် သိမ်းဆည်းထားသော ကုလားကုတ်ကျွန်းအား မူလပိုင်ရှင်များထံ ပြန်လည် ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်ခိုင်ဝင်း၊ မုံ့စဲ့ မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင် အာဏာသက်ရောက်စေရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက် များကို ဌာနဆိုင်ရာ အသီးသီးသို့ ဆောလျင်စွာ ညွှန်ကြားပေး နိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ဖွားသေစာရင်း မှန်ကန်စွာ ရရှိရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရေရှည်မျှော်မှန်းချက်၊ ပြည်သူများအတွက် အသိပညာပေး ဟောပြောရေးကာလတစ်ရ သတ်မှတ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ ဆိတ်ဖူးကုန်း ကျေးရွာတွင် ရေတံခါးပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်စိုး၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်၊ နန်ကာသူဆည်မှ ရေပေးဝေနိုင်ရန်နှင့် ကညင်ဆည်မှ ပိုလျှံရေများ ထုတ်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး လမ်းမကြီး (လမ်းဟောင်း)ကို အဝေးပြေးလမ်းသစ်ကြီးကဲ့သို့ (၄၈)ပေ အကျယ် ဖောက်လုပ်ရန် BOT ယူထားသည့် ကုမ္ပဏီများအား သတ်မှတ် ကာလ အတွင်း မပြီးစီးပါက မည်ကဲ့သို့ အရေးယူမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ်၊ ပဲခူး–ခရမ်း လမ်းမကြီး ပေါ်ရှိ သစ်သားတံတား (၃) စင်းအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်က **"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။